dvbdebate.com   facebook.com/dvb.debate  Twitter@dvbdebate

"ဒီဗွီဘီ ဒီဘိတ်"အခြေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group ကနေ အပတ်စဉ် စနေနေ့တိုင်း ရိုက်ကူးကာ ဒီဗွီဘီ ရုပ်သံလိုင်းမှတဆင့် ထုတ်လွှင့်ပေးနေတာဖြစ်ပါတယ်။

**DVB TV**

| | |
|---|---|
| Sunday | 7.30 pm |
| Monday | 1.30 am / 7.30 am / 1.30 pm |
| Wednesday | 8.45 pm |
| Thursday | 2.45 am / 8.45 am / 2.45 pm |
| Friday | 7.30 pm |
| Saturday | 1.30 am / 7.30 am / 1.30 pm |

**DVB RADIO**

| | |
|---|---|
| Saturday<br>Sunday | Evenings<br>Mornings |

**DVB ONLINE**

| | |
|---|---|
| dvbdebate.com<br>facebook.com/<br>dvb.debate<br>twitter @dvbdebate | 24/7 |

DVB Debate ဟာ အတွေးမြင်အယူအဆများ ဖလှယ်ကာ လွတ်လပ်စွာ သဘောထားကွဲလွဲနိုင်ရန်၊ အပြန်အလှန်နားလည်မှုများ ဖန်တီးတည်ဆောက်ရန်၊ မြန်မာ့အနာဂတ်ပိုမိုကောင်းမွန်လာစေဖို့ လူ့အဖွဲ့အစည်းအတွင်းမှာရှိနေတဲ့ ပြဿနာများကို အဖြေရှာနိုင်စေရန်နှင့် လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားမှုတွေကို လက်ခံပေးနိုင်တဲ့ အခြေအတင်ဆွေးနွေးခြင်း ယဉ်ကျေးမှုပေါ်ထွက်လာစေရန် ရည်ရွယ်ပါတယ်။ အဖွဲ့အနေဖြင့် အခြား မီဒီယာများနှင့် ဆွေးနွေးပွဲ အသင်းအဖွဲ့များကိုလည်း ယခုလို ပွင့်လင်းတဲ့ အခြေအတင်ဆွေးနွေးပွဲများမှာ ပါဝင်လာဖို့ ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနှင့် ကာတွန်းများကို ရုပ်သံရိုက်ကူးအပြီး မကြာခင်မှာပဲ ဒီဗွီဘီ ဒီဘိတ်၏ ဖေ့ဘုတ် စာမျက်နှာနှင့် ဝက်ဘ်ဆိုဒ်များမှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းရှိ အခြေအတင်ဆွေးနွေးပွဲ အစီအစဉ်များကို ပံ့ပိုးကူညီမှုများ ပြုလုပ်နိုင်ရန်အတွက်လည်း DVB Debate မှာ ရန်ပုံငွေများရှိပါကြောင်း အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***Who will be Burma's business innovators?***

ဆိုတာပဲဖြစ်ပါတယ်။

❖ မှတ်ချက်ပြုလိုသည်များ၊ အကြံပေးလိုသည်များနှင့် မေးခွန်းများ မေးမြန်းလိုပါက ရုံးချိန်အတွင်း ၀၁ ၂၉၂၇၄၃ သို့ဆက်၍ဖြစ်စေ၊ debate@dvb.no သို့ဖြစ်စေ ဆက်သွယ်၍ အဖွဲ့ဝင်တဦးဦးထံသို့ မေးမြန်းနိုင်ပါသည်။

**This week's topic is NEW ECONOMY**

***Historical context:***

ဆယ်စုနှစ်ပေါင်းများစု အထီးကျန်နေလာခဲ့ပြီးတဲ့နောက် ၂၀၁၁ ခုနှစ်မှာ အရပ်သားအစိုးအဖွဲ့သို့ အသွင်းကူးပြောင်းခဲ့ခြင်းနဲ့အတူ မြန်မာ့စီးပွားရေးမြင်ကွင်းမှာ မယုံကြည်နိုင်လောက်အောင်ကို အပြောင်းအလဲတွေ ရှိလာခဲ့ပါပြီ။ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှနိုင်ငံများထဲမှာ ချမ်းသာကြွယ်ဝတဲ့နိုင်ငံတခုဖြစ်ခဲ့သော်လည်း၊ နှစ်ပေါင်း၅ဝ ကြာ နိုင်ငံခြားသားကြောက်ရွံ့တဲ့ စစ်အစိုးရကြောင့် တိုင်းပြည်ဟာ ဖွံ့ဖြိုးမှုမရှိဘဲ နည်းပညာအရ နောက်ကျကျန်ရစ်ခဲ့ရပြီး၊ ယနေ့အချိန်မှာတော့ ကမ္ဘာကြီးနဲ့ အဆက်အသွယ်မရှိပြတ်တောက်နေတဲ့ နိုင်ငံတွေထဲက တစ်နိုင်ငံဖြစ်နေပါတယ်။သို့သော်လည်းပဲ ယခုရှိနေတဲ့ စီးပွားရေးဖွံ့ဖြိုးမှု အခြေအနေတွေကို ကြည့်မယ်ဆိုရင်တော့ စီးပွားရေးလုပ်ငန်းတွေအတွက် နည်းပညာပိုင်းဆိုင်ရာရှုထောင့်အရ ကျော်လွှားတက်နိုင်ဖို့ အခွင့်အလမ်းတရပ်အနေနဲ့ ရှုမြင်လို့ရနိုင်ပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာဖွံ့ဖြိုးမှုအမြန်ဆုံးဒေသရဲ့ ဗဟိုမှာတည်ရှိနေပြီး၊ အလားအလာရှိတဲ့ လုပ်သားအင်အား ၄၆ သန်းနဲ့ အတူ ကြီးထွားတိုးတက်လာနေတဲ့ ဈေးကွက်ကြီးတခုနဲ့ နီးကပ်စွာတည်ရှိနေပါတယ်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကြောင့် စီးပွားရေးအရ ပိတ်ဆို့အရေးယူမှုများ ရုပ်သိမ်းသွားခြင်းနဲ့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကြောင့် နိုင်ငံခြားကုမ္ပဏီများဟာ စီးပွားရေးဖန်တီးလုပ်ဆောင်နေသူတွေအတွက် အခွင့်အလန်းအသစ်တွေ ပံ့ပိုးပေးနိုင်မယ့် ခေတ်မှီနည်းပညာများကို ၎င်းတို့နှင့်အတူ တပါတည်းယူဆောင်လာပြီး မြန်မာနိုင်ငံကို ကမ္ဘာ့ရင်းနှီးမြှုပ်နှံသူတွေအတွက် အလားအလာအကောင်းဆုံးနေရာတခုဖြစ်လာစေဖို့ မြန်မာပြည်ဈေးကွက်အတွင်း ဝင်ရောက်လာနေကြပါတယ်။

***Facts and Figures :***

မြန်မာနိုင်ငံရဲ့ တီထွင်ဖန်တီးနိုင်မှုစွမ်းအားတန်းဖိုးအနေနဲ့ မြန်မာဟာ နိုင်ငံပေါင်း ၁၄၈ နိုင်ငံရှိတဲ့အထဲမှာ အဆင့် ၁၃၉ နဲ့ အဆင့် ၁၃၈ ရှိတဲ့ တီမောလက်စတေနိုင်ငံနောက်မှာ ရှိနေပါတယ်။
**ကိုးကား :The Global Competitiveness Index 2013–2014**

၁ ။ ဒီကနေ့ မြန်မာနိုင်ငံကလူတစ်ယောက်ရဲ့ ပျမ်းမျှ ဒေါ်လာ ၁၅၀၀ ခန့်ရှိတဲ့ကုန်ထုတ်စွမ်းအားဟာ အာဆီယံနိုင်ငံတွေထက် ၇၀% အောက် နိမ့်နေပါတယ်။ **ကိုးကား McKinsey Report 2013**

၂ ။ မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးကဏ္ဍပြုပြင်ပြောင်းလဲဖို့အတွက် ဒေါ်လာ ၃၁.၅ သန်းကို ကမ္ဘာ့ဘဏ်က အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ IDA ကနေထုတ်ချေးထားပါတယ်။

***Points of view:***

"လက်ရှိလုပ်နေတဲ့ ပြုပြင်ပြောင်းလဲမှုတွေက လူငယ်တွေကို စီးပွားရေးကြိုးစားလုပ်ဆောင်နိုင်ဖို့ တွန်းအားဖြစ်စေတာ အသေအချာပဲ။ အခုဆို လုပ်ခွင့်ကိုင်ခွင့်ရနိုင်မယ့် အခြေအနေသစ်တခုလည်းရှိနေပါပြီ"
**(ဂေဖြိုး, ဥက္ကဋ္ဌ, မြန်မာလူငယ် စွန့်ဦးတီထွင်ရင်းနှီးမြှုပ်နှံသူများအသင်း)**

"လူငယ်စွန့်ဦးလုပ်ငန်းရှင်တွေအတွက် အကြီးမားဆုံးနည်း တခုတည်းသော အခက်အခဲက ချေးငွေရရှိဖို့နဲ့ အစပျိုးလုပ်ဆောင်ဖို့ ကုန်ကျစရိတ်ကို ကျော်လွှားနိုင်ဖို့ပါ။"**(ပီတာသိန်း- တွဲဖက်အတွင်းရေးမှူး UMFCCI)**

" စွန့်ဦးတီထွင်ဆောင်ရွက် နိုင်ကြဖို့အတွက် သက်ဆိုင်ရာ လူ့အဖွဲ့အစည်း society အနေနဲ့ ပံ့ပိုးဖန်တီး ဆောင်ရွက်ပေးဖို့ များစွာလိုအပ်ပါတယ် "
**လင်းသိုက်ညွန့် (စာရေးဆရာ)**

"နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နည်းပညာဆိုတာ အစွမ်းထက်တဲ့ ကိရိယာ တစ်ခုပါပဲ။ စီးပွားရေး အခွင့်အလမ်းတွေ တိုးချဲ့နိုင်ဖို့နဲ့ နိုင်ငံသားတွေအတွက် များပြားတဲ့ အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ဖို့ အိုင်စီတီက စွမ်းဆောင်နိုင်ပါတယ်"
**U.S. Agency for International Development (USAID)**

***Information links:***

www.devconmyanmar.org
www.informationmatrix.com
www.babyvita.org
www.ihrb.org
www.loiheingroup.com
www.mangoadagency.com
www.myanmar-responsiblebusiness.org
www.mcc.com.mm
www.go-there-myanar.com
http://www.dvb.no/bnb